Assistance Association for Political Prisoners (Burma)
နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)
AAPP
E-mail: info@aappb.org, info.aappburma@gmail.com Website: www.aappb.org

# လစဉ်သတင်းလွှာ ဖေဖော်ဝါရီလ ၂၀၁၇



မွန်ပြည်နယ်၊ သထုံမြို့နယ်တွင် လူထုတွင်း၌ လူ့အခွင့်အရေးဆိုင်ရာ ဟောပြောပို့ချ

## လူ့အခွင့်အရေးဆိုင်ရာဟောပြောဆွေးနွေးပွဲများပို့ချပေးခြင်း

### လူထုတွင်းတွင်လူ့အခွင့်အရေးဆိုင်ရာဟောပြော၊ ဆွေးနွေးပွဲများ ပို့ချပေးခြင်း

ဖေဖော်ဝါရီလတွင်းတွင် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (AAPP) မှ လူ့အခွင့်အရေးဆိုင်ရာ ဟောပြောဆွေးနွေးပွဲပေါင်း ၉ ပွဲကိုလူထုတွင်းတွင် ဟောပြော၊ဆွေးနွေး၊ပို့ချပေးနိုင်ခဲ့သည်။ ဟောပြော၊ ဆွေးနွေးပွဲပေါင်းသုံးပွဲကို မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်တွင်းရှိ ကျေးရွာသုံးရွာတွင် လည်းကောင်း၊ ဟောပြောဆွေးနွေးပွဲပေါင်း ကိုးပွဲကို မွန်ပြည်နယ်၊ သထုံမြို့နယ်တွင်းရှိ ကျေးရွာငါးရွာတွင်လည်းကောင်း ပို့ချပေးခဲ့သည်။ ထိုသို့ ဟောပြောနိုင်ရန်အတွက်လည်း သထုံမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဒေါ်ခိုင်လဲ့လဲ့၊ ဦးအောင်ကျော်သူ၊ သထုံမြို့နယ် NLD ဥက္ကဌ၊ မွန်ပြည်နယ် အရပ်ဖက် လူမှုအဖွဲ့အစည်းများကွန်ရက်မှ တွဲဖက်ညှိနှိုင်းရေးမှူး မဖွန်ပန်း၊သထုံမြို့နယ် စာကြည့်တိုက်များကွန်ရက် တွဲဘက်အတွင်းရေးမှူး ဦးပန်၊ သထုံမြို့နယ် ကရင်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့ ဥက္ကဌ ဦးစောစံတင်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများကပူးပေါင်းပါဝင် ကူညီပေးခဲ့ပါသည်။ ထိုဟောပြောပွဲများပြုလုပ်ရခြင်း၏ အဓိကရည်ရွယ်ချက်သည် ကလေးများ နှင့် နိုင်ငံသားများကိုဆန့်ကျင်သော လူ့အခွင့်အရေးချိုးဖောက်မှုများကို တားဆီးကာကွယ်နိုင်ရန်၊ နိုးကြားတက်ကြွပြီး စည်းကမ်းပြည့်ဝသော နိုင်ငံသားများဖြစ်စေရန် တို့ဖြစ်သည်။ လူ့အခွင့်အရေးဆိုင်ရာ ဟောပြောပွဲတွင် အဓိကအားဖြင့် သက်ငယ် မုဒိမ်းမှုများ မဖြစ်ပွားအောင် ကာကွယ်ရေး၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေငြာစာတမ်းပါ အခွင့်အရေးများနှင့် တာဝန်များကို နားလည်စေရေးတို့ကို ဟောပြောကြပါသည်။ ထိုဟောပြောပွဲများကို ဦးဆောင်ဟောပြောသူများမှာ AAPP ရန်ကုန်ရုံးတာဝန်ခံ ဦးအောင်မျိုးကျော်၊ AAPP လူ့အခွင့်အရေးသင်တန်းဆရာများဖြစ်ကြသော ဦးဝဏ္ဏနွယ်၊ ဦးကျော်ဦး၊ ဦးမျိုးထွန်း၊ AAPP မှ ကောင်ဆယ်လာဖြစ်သူ မသီတာအေးတို့မှ ဦးဆောင်ဟောပြောခဲ့ကြသည်။ ထိုဟောပြောဆွေးနွေးပွဲများသို့ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရွာသူ၊ ရွာသားများတက်ရောက်ခဲ့ကြသည်။ ဟောပြောပွဲပြီးဆုံးပြီးနောက် တက်ရောက်သူများကြား လူ့အခွင့်အရေးဆိုင်ရာ အသိပညာဗဟုသုတများ မြှင့်တင်ရန် ရည်ရွယ်၍ AAPPမှ အချက်၃၀ပါ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေငြာစာတမ်းလက်ကမ်းစာစောင်များဝေငှခဲ့သည်။



ငှက်အော်စမ်းလူငယ် သင်တန်းကျောင်းတွင် AAPP မှ ဟောပြောဆွေးနွေး

## စည်းရုံးလှုံ့ဆော်ခြင်းနှင့်တိုက်တွန်းခြင်း

### ငှက်အော်စမ်းလူငယ်သင်တန်းကျောင်းနှင့် MNHRC သို့ AAPP မှ သွားရောက်လေ့လာ၊ လည်ပတ်

ဖေဖော်ဂါရီလ ၆ ရက်နေ့တွင် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) တွဲဘက်အတွင်းရေးမှူး ဦးဘိုကြည် ဦးဆောင်သောအဖွဲ့ဝင် ၂၅ ဦးပါဝင်သည့် အဖွဲ့သည် ကော့မှူးမြို့နယ်အတွင်းရှိ ငှက်အော်စမ်းလူငယ်သင်တန်းကျောင်းသို့ လေ့လာရေးခရီးစဉ်အဖြစ် သွားရောက်လည်ပတ်ခဲ့ကြသည်။ လူမှုဝန်ထမ်း ပြန်လည်နေရာချထားရေးနှင့် ကယ်ဆယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာဝင်းမြတ်အေးနှင့် AAPP တို့ ဒီဇင်ဘာလ အစောပိုင်းတွင် လက်တွဲလုပ်ဆောင်ရန် ဆွေးနွေးခဲ့ပြီးနောက် ထိုခရီးစဉ်ကို စတင်ခဲ့ခြင်းဖြစ်သည်။ ထိုသင်တန်းကျောင်းကို လူမှုဝန်ထမ်း ပြန်လည်နေရာချထားရေးနှင့် ကယ်ဆယ်ရေးဝန်ကြီးဌာနတဆင့် လူမှုဖူလုံရေး

ဌာနမှ ကြီးကြပ်လျက်ရှိပြီး ပြစ်မှုကျူးလွန်သော လူငယ်များအတွက် ရည်ရွယ်သည်။ ထိုလူငယ်များ၏ ပြစ်ဒဏ်ကျခံရမည့်ကာလကို သင်တန်းကျောင်းသို့ ပို့ဆောင်ကာ ပြုပြင်၊ ထိန်းသိမ်းပေးလျက်ရှိသည်။ ထိုခရီးစဉ်၌ AAPP တွဲဘက်အတွင်းရေးမှူး ဦးဘိုကြည်မှ AAPP လုပ်ဆောင်နေသော လုပ်ငန်းစဉ်များကို အကျယ်တဝင့် ရှင်းလင်းတင်ပြပြီး ယခုလိုလေ့လာရေးခရီးစဉ် လာရောက်ရခြင်းအကြောင်းကို ဆွေးနွေးခဲ့ပါသည်။ ထို့နောက် AAPP ၏ စိတ်ပိုင်းဆိုင်ရာ ပြန်လည်မြှင့်တင်ရေး (နှစ်သိမ့်ဆွေးနွေးရေး) အစီအစဉ်မှ တာဝန်ခံဖြစ်သူ ဦးကျော်စိုးဝင်းမှ AAPP မှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသောနှစ်သိမ့် ဆွေးနွေးရေးလုပ်ငန်း အကြောင်းကို ရှင်းလင်းတင်ပြခဲ့ပါသည်။ ထို့ပြင် ကလေးများအား စိတ်ဓာတ်ခွန်အား ဖြစ်စေမည့် အကြောင်းအရာများကို ဦးဘိုကြည်၊ ဆရာမနင်းပန်းအိမ်နှင့် ဦးကျော်စိုးဝင်းတို့မှဆွေးနွေးပေါပြောပို့ချခဲ့ သည်။

ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် နိုင်ငံရေးအကျဉ်းသားများကူညီ စောင့်ရှောက်ရေးအသင်း (AAPP) တွဲဘက်အတွင်းရေးမှူး ဦးဘိုကြည်၊ AAPP ၏ စိတ်ပိုင်းဆိုင်ရာ ပြန်လည်မြှင့်တင်ရေး(နှစ်သိမ့်ဆွေးနွေးရေး) အစီအစဉ်မှ တာဝန်ခံဖြစ်သူ ဦးကျော်စိုးဝင်း၊ AAPP နိုင်ငံခြားဆက်ဆံရေး ဒုတိယတာဝန်ခံ ဦးကျော်ဇင်မင်းတို့သည် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် (MNHRC) ရုံးသို့ သွားရောက် လည်ပတ်ခဲ့ပြီး အနာဂတ်တွင် လက်တွဲဆောင်ရွက်မည့်ကိစ္စများနှင့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေး၊ မြှင့်တင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် AAPP မှ မြန်မာနိုင်ငံတွင် အကျဉ်းသားဦးရေ ပြည့်ကျပ်နေခြင်းကို အထူးအလေးပေး၍ ပြောဆိုခဲ့ပြီး အကြံပြုဆွေးနွေးခဲ့ကြသည်။



ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်တွင်ကျင်းပသော အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှုသင်တန်းတက်ရောက်သူများ

## အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှုသင်တန်းပို့ချခြင်း

**ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းတွင် လူ့အခွင့်အရေး၊ လူ့အခွင့်အရေးမှတ်တမ်းတင်ခြင်းနှင့် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု သင်တန်းများပို့ချ**

လူ့အခွင့်အရေး၊ လူ့အခွင့်အရေးမှတ်တမ်းတင်ခြင်းနှင့် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု သင်တန်းကို နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း(AAPP) မှ လစဉ် ပို့ချပေးလျက်ရှိရာ ဖေဖော်ဝါရီလတွင်းတွင် AAPP မှ ၁၀ ရက်ကြာသင်တန်းတစ်ခုနှင့် ၁၂ ရက်ကြာသင်တန်းတစ်ခုတို့ကို ပို့ချပေးခဲ့သည်။ ဇန်နဝါရီလ ၃၁ ရက်နေ့မှ ဖေဖော်ဝါရီလ ၉ ရက်နေ့ထိ ပို့ချခဲ့သော ၁၀ ရက်ကြာ သင်တန်းကို ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်တွင် ကျင်းပခဲ့ပြီး ဖေဖော်ဝါရီလ ၁၆ ရက်နေ့မှ ၂၇ ရက်နေ့အထိ ပို့ချခဲ့သော ၁၂ ရက်ကြာသင်တန်းကို စစ်ကိုင်းတိုင်း၊ ဘုတလင်မြို့နယ်တွင် ကျင်းပခဲ့သည်။ ကချင်ပြည်နယ် ကျင်းပခဲ့သော သင်တန်း၌ သင်တန်းနည်းပြများအဖြစ် ကိုစောသန်းလှိုင်နှင့် ကိုကျော်ဦးတို့မှ သင်တန်းပို့ချပေးခဲ့ပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကျောင်းသားနှစ်ဦး၊ ကြက်ခြေနီအဖွဲ့ဝင်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီဝင်၊ အမျိုးသမီးရေးရာအဖွဲ့ဝင်တို့ အပါအဝင် သင်တန်းသား ၃၀ ဦး တက်ရောက်ခဲ့ကြသည်။ စစ်ကိုင်းတိုင်းတွင် ကျင်းပခဲ့သော သင်တန်း၌ သင်တန်းနည်းပြများအဖြစ် ကိုစိုင်းမြင့်သူနှင့် ကိုနေဝန်းတို့မှ သင်တန်းပို့ချပေးခဲ့ပြီး NLD အဖွဲ့ဝင်လေးဦးအပါအဝင် စုစုပေါင်း သင်တန်းသား ၁၇ ဦးတက်ရောက်ခဲ့ကြသည်။ မတူညီသော ဒေသဆိုင်ရာ အခြေအနေများအပေါ် မူတည်၍ သင်တန်းအား ပို့ချပေးခဲ့ပါသည်။ ကချင်ပြည်နယ်တွင် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားလျက်ရှိပြီး လယ်ယာမြေသိမ်းဆည်းခြင်း၊ ပေါ်တာဆွဲခြင်း၊ ခြိမ်းခြောက်၍ ငွေတောင်းယူခြင်း၊ မူးယစ်ဆေးဝါးရောင်းဝယ်ခြင်း၊ လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်ကို ကန့်သတ်ထားခြင်းကဲ့သို့သော များစွာသော လူ့အခွင့်အရေးချိုးဖောက်မှုများကို ရင်ဆိုင်နေရသည်။ စစ်ကိုင်းတိုင်းတွင် အကျင့်ပျက်ခြစားခြင်း၊ ခွဲခြားဆက်ဆံခြင်းနှင့် လယ်ယာမြေသိမ်းဆည်းတို့ ဖြစ်ပွားလျက်ရှိသည်။ သင်တန်းပို့ချရခြင်း၏ ရည်ရွယ်ချက်သည် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးတွင် ပါဝင်ကြသူများကို အားပေးမြှင့်တင်ရန်နှင့် အသိပညာများရရှိလာရန် ရည်ရွယ်၍ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းဖြစ်သည်။



AAPP မှ ကောင်ဆယ်လာများ ဖွံ့ဖြိုးတိုးတက်ရေးဌာနသို့ သွားရောက် လည်ပတ်

## စိတ်ဓာတ်ပြန်လည် မြှင့်တင်ရေးအစီအစဉ်

**ရန်ကုန်မြို့ရှိ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာနနှင့် အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်းတို့တွင် နှစ်သိမ့်ဆွေးနွေးပေးခြင်း**

နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း(AAPP)၏ စိတ်ဓာတ်ပြန်လည် မြှင့်တင်ရေးအစီအစဉ်တစ်ခုဖြစ်သည့် Mental Health Assistance Program (MHAP) မှ အမျိုးသမီးများအတွက် နှစ်သိမ့်ဆွေးနွေးပေးခြင်းအစီအစဉ် စတင်နိုင်ရန်နှင့် လူမှုဖူလုံရေးဌာနမှ တာဝန်ရှိ

သူများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် လူမှုဖူလုံရေးဌာနမှ ကြီးကြပ်အုပ်ချုပ်သော ရန်ကုန်မြို့ရှိ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာနနှင့် အမျိုးသမီး သက်မွေးအတတ်ပညာသင်ကျောင်းသို့ သွားရောက် လည်ပတ်ခဲ့ပါသည်။ AAPP အဖွဲ့ဝင်များနှင့် ကောင်ဆယ်လာများသည် ဇန်နဝါရီလတွင်းတွင် အမျိုးသမီး သက်မွေးအတတ်ပညာသင်ကျောင်းသို့ သွားရောက်လည်ပတ်ခဲ့ပြီး သင်တန်းတာဝန်ခံ ဒေါ်အေးနော်ဝင်းနှင့် တွေ့ဆုံခဲ့သည်။ ထိုအတတ်ပညာသင်ကျောင်းတွင် နေထိုင်ကြသော အမျိုးသမီး ၅၆ ဦးအနက် နှစ်သိမ့် ဆွေးနွေးပေးရန် လိုအပ်သော အမျိုးသမီးများနှင့် တွေ့ဆုံခဲ့သည်။ ထို့နောက် ဖေဖော်ဝါရီလ ပထမအပတ်တွင် AAPP မှ ဗဟန်းမြို့နယ်ရှိ အမျိုးသမီး သက်မွေးအတတ်ပညာသင်ကျောင်းတွင် နှစ်သိမ့်ဆွေးနွေးပေးခြင်း အစီအစဉ်ကို စတင်ခဲ့သည်။ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင်လည်း AAPP မှ ကမာရွတ်မြို့နယ်ရှိ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဌာနသို့ သွားရောက် လည်ပတ်ခဲ့ပြီး သင်တန်းတာဝန်ခံဒေါ်မိုးမိုးမင်းနှင့် ထိုကျောင်းတွင် နေထိုင်ကြသောအမျိုးသမီးများနှင့် တွေ့ဆုံခဲ့သည်။ စိတ်ပိုင်းဆိုင်ရာ မြှင့်တင်ပေးနိုင်ရန် ထိုကျောင်းတွင် အမြဲတမ်းနေထိုင်သူ ၆၀ ဦးအနက် အမျိုးသမီး ၁၃ ဦးနှင့် AAPP မှ တွေ့ဆုံခဲ့ပါသည်။ ထို့နောက်တွင် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာနတွင်ရှိသော သင်တန်းသူများအနက် နှစ်သိမ့်ဆွေးနွေးရန် လိုအပ်နေသူများအား နှစ်သိမ့်ဆွေးနွေးပေးခဲ့သည်။

## အထွေထွေလှုပ်ရှားမှုများ

### ပထမအကြိမ် အရပ်ဘက်အဖွဲ့အစည်းများအကြိုဖိုရမ်

၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့ မှ ၂၃ ရက်နေ့အထိ တောင်ကြီးမြို့ ၊ ကိုးကန့်လူမှုရေးခန်းမတွင် ပထမအကြိမ် အရပ်ဘက်အဖွဲ့အစည်းများ အကြိုဖိုရမ် ကိုကျင်းပခဲ့ပါသည်။ ထိုအကြိုဖိုရမ်သို့ နိုင်ငံရေး အကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) မှ ဦးသန်းထိုက်ဝင်းမှ ဖိုရမ်ဖြစ်မြောက်ရေး ကော်မတီဝင်အဖြစ် တက်ရောက်ခဲ့ပါသည်။ အကြိုဖိုရမ်ပထမနေ့တွင် တိုင်းနှင့်ပြည်နယ်အသီးသီးရှိ အရပ်ဖက် အဖွဲ့အစည်းများမှ စုစုပေါင်း ၇၁၃ ဦး တက်ရောက် ဆွေးနွေးခဲ့သည်။ အကြိုဖိုရမ် ဒုတိယနေ့တွင် ၆၉၅ ဦး တက်ရောက် ဆွေးနွေးခဲ့ပြီး တတိယနေ့တွင် ၆၅၁ ဦးတက်ရောက် ဆွေးနွေးခဲ့ကြသည်။ အကြိုဖိုရမ် ပြီးဆုံးပြီးနောက် သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့ကြပြီး ပြည်နယ်တိုင်း အလိုက် အရပ်ဖက်အဖွဲ့အစည်းများမှ ထုတ်ပြန်ချက်များ ထုတ်ပြန်ကြေညာခဲ့ကြပါသည်။




AAPP မှ ဦးသန်းထိုက်ဝင်း ပထမအကြိမ် အရပ်ဘက် အဖွဲ့အစည်းများ အကြိုဖိုရမ် တက်ရောက်၍ ဆွေးနွေး

### AAPP မှ Peace Boat အဖွဲ့နှင့် တွေ့ဆုံ၊ ဆွေးနွေး

ဖေဖော်ဝါရီလတွင်းတွင် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ရန်ကုန်ရုံးသို့ Peace Boat အဖွဲ့မှ လာရောက်လည်ပတ်ခဲ့ပြီး AAPP အဖွဲ့ဝင်များနှင့် တွေ့ဆုံ၊ ဆွေးနွေးခဲ့ကာ AAPP ပြတိုက်ကို လေ့လာခဲ့ပါသည်။ Peace Boat အဖွဲ့၏ နိုင်ငံတကာ ညှိနှိုင်းရေးမှူး Meri Joyce မှ AAPP ၏ လှုပ်ရှားဆောင်ရွက် မှုများ၊ ပညာရေး အစီအစဉ်များ၊ အကျဉ်းထောင် ပြုပြင်ပြောင်းလဲရေး၊ လူ့အခွင့်အရေးအခြေအနေများစသည့် ယခုလက်ရှိအခြေအနေများကို ပို ၍ လေ့လာခဲ့ရခြင်းအတွက် ဂုဏ်ယူကြောင်း ပြောကြားခဲ့သည်။




AAPP မှ ဦးတိတ်နိုင်၊ ဦးအောင်မျိုးကျော်၊ဦးဖော်မိုးတို့ Peace Boat အဖွဲ့မှ Meri Joyce တို့တွေ့ဆုံ